## နိုင်ငံတော်အတွင်းလတ်တလောအခြေအနေနှင့်ပတ်သက်သော စုပေါင်းကြေညာချက်

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၅ ရက်

နိုင်ငံတော်အတွင်း "တပြည်လုံးဘက်စုံပစ်ခတ်ရပ်စဲရေးစာချုပ်"ကို ချုပ်ဆိုနိုင်ရန်အတွက် အင်တိုက်အားတိုက်ပြင်ဆင်နေကြသည့်အချိန်အခါတွင် အောက်တိုဘာ ၂ ရက်မှ ၅ ရက်နေ့အထိ တပ်မတော်သည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တပ်ရင်းတစ်ဆယ်ကျော်နှင့် စစ်သည်အင်အားထောင်ချီသုံး၍ "၁၂၀"မမမော်တာအပါ လက်နက်ကြီးများကိုသုံးကာ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုပြီးသော SSPP/SSA တပ်ဖွဲ့အား ထိုးစစ်ဆင်နေကြောင်း အလန့်တကြားကြားသိရပါသည်၊ တချိန်တည်းတွင် အောက်တိုဘာလနှောင်းပိုင်းတွင်လည်း အရိုးသောငြိမ်းချမ်းရေးအဖွဲ့အစည်းများကို စစ်အင်အားဖြင့် ထိုးစစ်ဆင်ခဲ့သောကြောင့် နှစ်ဦးနှစ်ဖက်စလုံးမှာကြီးမားတဲ့ သေကြေဒဏ်ရာရမှုများဖြစ်ပေါ်စေခဲ့ပြီး အရပ်သူအရပ်သားများကိုလည်း ကြီးမားလှသော ထိတ်လန့်တုန်လှုပ်မှုများဖြစ်ပေါ်စေကာ တပြည်လုံး၏ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို ကြီးမားသည့်ဂရက်ရိုက်စေတ်မှုများဖြစ်ပေါ်စေခဲ့ပါသည်၊

မျက်မှောက်ပြည်တွင်းအခြေအနေနှင့်ပတ်သက်၍ အောက်ပါကြေညာချက်ကို အထူးထုတ်ပြန်ကြေညာအပ်ပါသည်၊

၁၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြည်တွင်းငြိမ်းချမ်းရေးကို ထိခိုက်ပျက်ပြားစေသော အပြောအဆိုအပြုအမူများကို ပြတ်ပြတ်သားသားဆန့်ကျင်ရှုတ်ချသည်၊

၂၊ သက်ဆိုင်ရာဖက်များသည် ရန်လိုရန်မူသောစစ်ရေးလှုပ်ရှားမှုအပြုအမူများကို ချက်ချင်းရပ်စဲရန်၊

၃၊ သက်ဆိုင်ရာဖက်များသည် အောက်တိုဘာ ၂ ရက်နေ့နောက်ပိုင်းတွင် သိမ်းပိုက်ထားသော ဒေသနှင့်စခန်းများမှ ဆုတ်ခွာပေးကြရန်၊

၄။ သက်ဆိုင်ရာဖက်များသည် တပြည်လုံး၏ငြိမ်းချမ်းတည်ငြိမ်မှုအခြေအနေကြီးကို အလေးထားကြပြီး ထိန်းချုပ်စာနာသက်ညှာသော သဘောထားကို ပိုက်ထွေးကာ ငြိမ်းချမ်းသည့်နည်းများဖြင့် အချင်းချင်းတို့ကြားတည်ရှိနေသော ပဋိပက္ခများကို ဖြေရှင်းကြရမည်။ ယင်းအခြေအနေများ ဆက်လက်ဆိုးဝါးမလာစေရန်အတွက် ကာကွယ်ထိန်းသိမ်းသွားကြရမည်။ ဤသို့သော အရေးအခင်းများ ထပ်မံမဖြစ်ပေါ်လာစေရေးအတွက် ပြတ်ပြတ်သားသားတားဆီးဆောင်ရွက်သွားကြရန် လိုအပ်သည်။

အထူးကြေညာအပ်ပါသည်။

ဝ ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ
ဝ ပြည်နယ်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့
ဌာနချုပ်

ရှမ်းပြည်နယ်အရှေ့ပိုင်း
အထူးဒေသ(၄)

ပေးပို့တင်ပြရန် -

- သမ္မတကြီး ဦးသိန်းစိန်
- ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
- ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း